# စက်တင်ဘာလ ၂၁ ရက်နေ့ ၂၀၀၄ ခုနှစ် နိုင်ငံတကာငြိမ်းချမ်းရေးနေ့တွင် နိုင်ငံတကာငြိမ်းချမ်းမှုရရှိရေး ဆောင်ရွက်သည့် လှုပ်ရှားမှုအတွင်း ပူးပေါင်းပါဝင်ပေးရန် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) က ဖိတ်ခေါ်လှုံ့ဆော်ခြင်း

၂၀၀၁ ခုနှစ် တွင် ကုလသမဂ္ဂအတွင်း ဆုံးဖြတ်ချက်အမှတ် ၅၅/၂၈၂ ကိုချမှတ်၍ စက်တင်ဘာလ ၂၁ ရက်နေ့အား နိုင်ငံတကာငြိမ်းချမ်းရေးနေ့မြတ်ကြီး အဖြစ်ဆင်နွှဲကျင်းပရန် အတည်ပြုခဲ့ပေသည်။

ဤငြိမ်းချမ်းရေးနေ့မြတ်ကြီးအား ချမှတ်လိုက်ခြင်းနှင့်အတူကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက အဖွဲ့ဝင်နိုင်ငံများ၊ ကုလသမဂ္ဂအတွင်းနှင့် ပတ်သက်လှုပ်ရှားနေသော အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအတွင်းနှင့် အစိုးရမဟုတ်သော လူထုအခြေပြု အစုအဖွဲ့များအပြင် တသီးပုဂ္ဂလများကိုပါ ဤနေ့မြတ်ကြီးအား ဆီလျော်သောစိတ်နှလုံးနှင့် ဆင်နွှဲရန် ဖိတ်ခေါ်လိုက်ပါသည်။ ဤသို့ဆင်နွှဲရာ၌ ပညာရေးစနစ်အတွင်း၊ ပြည်သူလူထုအသိအမြင်တိုးပွားရေးဆိုင်ရာ လုပ်ဆောင်ချက်များမှတဆင့် တကမ္ဘာလုံး၌ အပစ်အခတ်ရပ်စဲမှုများ ဖြစ်ပွားပေါ်ပေါက်လာရေး ရှေးရှုလုပ်ဆောင်ကြရန် တိုက်တွန်းထားသည်။

ငြိမ်းချမ်းရေးအတွက် ဤသို့စုပေါင်းညီညာစွာလုပ်ဆောင်ဆင်နွှဲရန် ဖိတ်ခေါ်လိုက်ခြင်းဖြင့် နိုင်ငံတကာ အသိုင်းအဝိုင်း အနေနှင့် အစုအဖွဲ့တခုအဖြစ်ညီညွတ်လာစေရန်နှင့် အကြမ်းမဖက်သော ကူးလူးဆက်ဆံမှုများ၊ လှုပ်ရှားမှုများ လိုအပ်နေသည်ဆိုခြင်းကို ပိုမိုသိမြင်ယုံကြည်လာစေရန် ရည်ရွယ်လုပ်ဆောင်ကျင်းပခြင်းဖြစ်သည်။

ယခုနှစ် ၂၀၀၄ ခုတွင် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ ငြိမ်းချမ်းရေးတည်ဆောက်သူ အမျိုးသမီးများအသင်းမှ အမျိုးသမီးများသည်လည်း ဤငြိမ်းချမ်းရေးလှုပ်ရှားမှုကြီးအား လူထုလူတန်းစားအတွင်း လှုပ်ရှားမှုမျိုးစုံ၊ ဆင်နွှဲမှုအဖုံဖုံနှင့် ပါဝင်ဆင်နွှဲလျက်ရှိပါသည်။ ဤအသင်းအနေဖြင့် ငြိမ်းချမ်းရေးစေတမန်များကဲ့သို့ မှတ်ယူကာ ကမ္ဘာအဝှမ်းနှင့် မြန်မာနိုင်ငံအတွင်း ငြိမ်းချမ်းရေးအစစ်အမှန် ဧကန်လိုအပ်နေပြီဆိုသည်ကို အားလုံးသိမြင်နိုးကြားလာစေရန် ရည်ရွယ်လှုံ့ဆော်လိုက်ပါသည်။

နိုင်ငံတကာငြိမ်းချမ်းမှုရရှိရေး ဆောင်ရွက်သည့် ဤလှုပ်ရှားမှုအတွင်းမိမိတို့ WLB ငြိမ်းချမ်းရေးအသင်းမှနေ၍ မြန်မာနိုင်ငံအတွင်း ပြဿနာများအား နိုင်ငံတကာအဆင့်၊ ဒေသသနရအဆင့်နှင့် ဒေသအဆင့်တို့၌ ပိုမိုသိမြင်လာစေရန် ရည်ရွယ်လှုပ်ရှားခြင်းဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ထိုင်း–မြန်မာနယ်စပ်တို့၌ မိမိတို့မှဆုတောင်းပွဲများ၊ ပြည်သူလူထု ဆွေးနွေးဖလှယ်ပွဲများ၊ ငြိမ်းချမ်းရေးလှုပ်ရှားမှုများကို ပြုလုပ်သွားမည်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးဟူသော အမည်နာမအောက်၌မိမိတို့မှရိုးရာကပွဲများအားလည်း တင်ဆက်သွားမည်ဖြစ်ပါသည်။ ကမ္ဘာအဝှမ်း ငြိမ်းချမ်းရေးရရှိ တည်မြဲလာရန် ယခုကဲ့သို့ပါဝင် ဆင်နွှဲလှုပ်ရှားစဉ်တွင် မိမိတို့ငြိမ်းချမ်းရေးအသင်းအနေဖြင့် မြန်မာနိုင်ငံအတွင်း ငြိမ်းချမ်းရေးရရှိလာရန် အထူးရည်ရွယ်ခြင်းဖြစ်ကြောင်း အသိပေးပြောကြားလိုပါသည်။ ဤရည်ရွယ်ချက်နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တောင်းဆိုချက်များကို တောင်းဆိုလိုက်ပါသည်။

(၁) ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများအားဖမ်းဆီးထားခြင်းမှ လွှတ်ပေးရန်၊
(၂) မြန်မာပြည်ဖွား ပြည်သူ၊ ပြည်သားအားလုံး ၎င်းတို့ အခွင့်အရေးဖြစ်သည့် ဇာတိမြေအိမ်ယာများသို့ ငြိမ်းချမ်း လုံခြုံစွာပြန်သွားနိုင်သည့် အခွင့်အရေးပေးရန်၊
(၃) အောက်တိုဘာလ၊ ၂၀၀၄ တွင်ကျင်းပမည့် အာရှ–ဥရောပအစည်းအဝေး၌ မြန်မာနိုင်ငံပါဝင်မှုအား ကန့်ကွက် ဆန္ဒပြရန်၊
(၄) မြန်မာနိုင်ငံအတွင်း စစ်မှန်သောငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီမထွန်းကားသေးသရွေ့ အာဆီယံအသင်း၏ သဘာပတိအဖြစ် ဆောင်ရွက်ခွင့်မပေးရန်တို့ကို တောင်းဆိုတိုက်တွန်းလိုက်ပါသည်။

<u>ဆက်သွယ်ရန်</u>
ဤလှုပ်ရှားမှုကို ထပ်မံအသေးစိတ်သိလိုပါက နော်လေးဒီအား ၀၇ ၁၇၂ ၆၅၆၆ တွင်၎င်း၊ မိုင်းဂျာအား ၀၁ ၅၉၄ ၂၀၁၂ နှင့် hsawzhn@yahoo.com တွင်၎င်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

★ အသေးစိတ်အချက်အလက်များ သိလိုပါက –www.womenofburma.org တွင်ရရှိနိုင်ပါသည်။
ငြိမ်းချမ်းရေး လှုံ့ဆော်မှုလက်ကမ်းစာကိုလည်း ပူးတွဲပေးပို့လိုက်ပါသည်။